[illegible]
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇူလိုင်လ ၆ ရက်၊ ၂၀၂၂ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက် ဇွန်လ ၂၀ရက်မှ ဇူလိုင်လ ၃ ရက် ၂၀၂၂ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ – ဇွန်လ ၁၉ရက် | ဇွန်လ ၂၀ရက်မှ ဇူလိုင်လ ၃ ရက် | စုစုပေါင်း |
|---|---|---|---|---|
| **၁** | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၂၅၇ | | ၂၅၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၂၆ | ၂ | ၃၂၈ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၂၁၄ | ၃ | ၂၁၇ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၉၁ | | ၉၁ |
| | ဒီးမော့ဆိုမြို့နယ် | ၃၉၇ | | ၃၉၇ |
| | ဖယ်ခုံမြို့နယ် | ၁၆၀ | ၃ | ၁၆၃ |
| | ဖရူဆိုမြို့နယ် | ၅၆ | | ၅၆ |
| | ဘောလခဲမြို့နယ် | ၂ | | ၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဇွန်လ ၁၉ ရက်နေ့ အထိ** | **IDPs အသစ် ဇွန်လ ၂၀ – ဇူလိုင်လ ၃ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၇၈၂၆၅ | | ၇၈၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၂၀၂၁၁၅** | | **၂၀၂၁၁၅** |


စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လ(၂၀)ရက်မှ ဇူလိုင်းလ(၃)ရက်၊ ၂၀၂၂ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှမ်းပြည်နယ်
ဒီးမော့ဆို
ရှားတော
ဖရူဆို
နမ့်ပွန်ချောင်း
သံလွင်
# ၁
ဘောလခဲ
ရွာသစ်
ကရင်ပြည်နယ်
# ၂
သံလွင်
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
မယ်စဲ့
အညွှန်း
စကစ မြေမြုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိမှု
အိမ်မီးရှို့ခြင်း
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခပတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌါနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌါနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

- **စကစမှ အရပ်သားများအား ဆက်လက်ဖမ်းဆီးခြင်း၊ ပစ်ခတ်ခြင်း၊ လုယက်ခြင်းနှင့် နေအိမ်များ မီးရှို့ခြင်း**

လွန်ခဲ့သော သတင်းနှစ်ပတ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများသည် ပြီးခဲ့သည့်လများထက် လျော့နည်းလာသည်။ အဓိက အကြောင်းအရင်းမှာ ကရင်နီခုခံတပ်များသည် လူသူထူထပ်သော နေရာဒေသတွင် စစ်ကောင်စီ တပ်များနှင့် ရင်ဆိုင်တိုက်ပွဲများ ရှောင်ရှားရခြင်းသည် စစ်ကောင်စီတပ်များသည် တိုက်ပွဲဖြစ်တိုင်းလ က်တုန့်ပြန်သည့် အနေဖြင့် အရပ်သားပြည်သူများကို ပစ်မှတ်ထား လေ့ရှိသည့်အပြင် ယခုအချိန်သည် စိုက်ပျိုး ရာသီဖြစ်သည့်အတွက် လယ်သမားတချို့က နေရာတချို့တွင်မှာ သီးနှံများစိုက်ပျိုး ခြင်းများ ပြုလုပ်နိုင်မည်ဟု မျှော်လင့်နေကြခြင်းဖြစ်သည်။ သို့သော်ငြားလည်း စစ်ကောင်စီ တပ်များသည် အရပ်သားများအား ဆက်လက် ဖမ်းဆီးခြင်းနှင့် ပစ်ခတ်ခြင်းများ၊ ပစ္စည်းဥစ္စာများလုယက်ခြင်း – စိုက်ပျိုးရေးမျိုးစေ့များ၊ မြေဩဇာများနှင့် အသုံးအဆောင်များ – နှင့် နေအိမ်များအား မီးရှို့ခြင်းများ ဆက်လက် လုပ်ဆောင် နေဆဲဖြစ်သည်။

ဇွန်လ ၁၉ ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ် ခုံမြို့နယ်၊ ဖယ်ခုံအင်းအရှေ့ဘက်ရှိ လဟယ်၊ မခေခမ်းနှင့် လွယ်ပေါကျေးရွာတို့မှ မြေဩဇာအိတ်များ၊ ပြောင်းမျိုးစေ့အိတ်များ၊ လက်တွန်းလယ်ထွန်စက်များ သယ်ဆောင် လာသည့် စစ်ကောင်စီပူးပေါင်း PNO ယဉ်တန်းအား မွန်းလွဲ ၁နာရီခန့်တွင် ဆောင်နန်းခဲကျေးရွာနှင့် လွယ်ပေါ ကျေးရွာအကြား ခြုံခုံတိုက်ခြင်းခံရ၍ (၄)ဦးသေဆုံးနိုင်ပြီး (၂) ဦးသည် ပြင်းထန်သော ဒဏ်ရာနိုင်သည်။

ဇွန်လ ၂၀ ရက်နေ့၊ စစ်ဘေးရှောင်စခန်းတွင်နေပြီး ဒီးမော့ဆိုမြို့ ဆီးလီဒုံးကျေးရွာတွင်ရှိသော နေအိမ်အား ပြန်လာကြည့်သည့် ဒေသခံ(၁)ဦး မိုင်းနှင်းမိကာ ခြေထောက်တဖက် ဆုံးရှုံးသွားခဲ့သည်။

ဇွန်လ ၂၁ရက်နေ့၊ ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ နန်းပေါ်လုံကျေးရွာတွင် စစ်ကောင်စီတပ်မှ ပြည်သူအိမ် များကို လိုက်လံဖောက်ထွင်းကာ ပြည်သူပစည်းများဖြစ်သည့် ထွန်စက်၊ ပြောင်းမျိုးစေ့များ၊ မြေဩဇာများ စသည့် စသည့်ပစ္စည်းများအား ယူဆောင်ပြီး နေအိမ် (၃)လုံးအား မီးရှို့သွားခဲပါသည်။

ဇွန်လ ၂၃ရက်နေ့၊ လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်၊ ပြည်နယ်ရဲရုံးအနီး ည ၇နာရီအချိန်တွင် ဆိုင်ကယ်မောင်းနင် လာသည့် ပြည်သူတစ်ဦးအား ရဲကင်းမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဘယ်ဖက်ခြေဒူးခေါင်းတွင် ကျည်ထိမှန် ခဲ့ပါသည်။

ဇွန်လ ၂၄ ရက်နေ့၊ ဖယ်ခုံမြို့တွင် စက်လှေမောင်းသူ အမျိုးသားတစ်ဦးအား စကခ ၇ လက်အောက်ခံ၊ ခမရ ၃၃၆ တပ်ရင်းမှ ည ၉နာရီအချိန်တွင် လာရောက်ဖမ်းဆီးသွားခဲ့သည်။ စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ဖမ်းဆီး ခံရသူ၏လက်တွင်လည်း သေနတ်ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။

ဇွန်လ ၂၅ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးရပ်ကွက်၊ ကုန်းသာနှင့် သေးဆူလဲကျေးရွာတို့တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်များကို ပူးပေါင်းတပ်ဖွဲ့များဖြစ်သည့် KA, KNDF, Loikaw PDF, DMO PDF, KRU နှင့် အလယ်ပိုင်းတိုင်း အထူးစစ်ဆင်ရေးတပ်ဖွဲ့တို့မှ နံနက် ၆နာရီ ၃၀မိနစ် ခန့်မှ မွန်းလွဲ ၂နာရီ၃၀ မိနစ်ခန့်ထိ

တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ ထိုတိုက်ပွဲအတွင်း တော်လှန်ရေးတပ်ဖွဲ့များမှ (၃)ဦး မစိုးရိမ်ရသည့် ဒဏ်ရာရရှိခဲ့ပြီး စစ်ကောင်စီတပ်၏ အထိအခိုက်၊ အကျအဆုံးများ မသိရှိရချေ။



စကစမှ နန်းပေါ်လုံ ကျေးရွာအား မီးရှို့ခြင်း



ဒေါ်ဥခု ရွာသားတစ်ဦးမှ စကစ၏ ပစ်ခတ်မှုကြောင့် ထိမှန်ဒဏ်ရာရရှိ

ဇွန်လ ၂၈ရက်နေ့၊ ရှမ်းပြည်တောင်ပိုင်း၊ မိုးဗြဲမြို့၊ ဝါရီဆူးပလိုင်ကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီစစ်သားများအတွက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ရိက္ခာများပို့ဆောင်ပေးနေပြီး ရိက္ခာပို့ဆောင်ပေးနေသော လက်နက်ကိုင်အဖွဲ့အား ကရင်နီကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များမှ ပစ်ခတ်ခဲ့သည်။ ထို့အပြင် ကာလရှည်ကြာစွာ တပ်စွဲထားခြင်းကြောင့် ဒေသခံပြည်သူများမှ လယ်ယာလုပ်ကိုင် စားသောက်နိုင်မှု မရှိတော့၍ စစ်ကောင်စီများ၏ ရိက္ခာများ ဖြတ်တောက်နိုင်ရန် ဤဝါရီဆူးပလိုင်ကျေးရွာအား KNDF, MBPDF တို့မှ စစ်ဇုန်အဖြစ် သတ်မှတ်လိုက်သည်။

ဇွန်လ ၂၉ ရက်နေ့၊ ဖယ်ခုံမြို့ လွယ်ဟယ်တွင် တပ်စွဲထားသည် စစ်ကောင်စီတပ်အား အလယ်ပိုင်းတိုင်းအထူးစစ်ဆင်ရေး အဖွဲ့မှ စနိုက်ပါဖြင့် သွားရောက်ပစ်ခတ်ခဲ့သည့်အတွက် စစ်ကောင်စီမှ (၅)ဦးသေဆုံးသွားခဲ့သည်။

ဇွန်လ ၃၀ရက်၊ လွိုင်ကော်မြို့၊ လောပိတအမှတ် (၂) သဘော်ာပင်စခန်းနှင့် ခါတ်ဦးပွင့်ဘုန်းကြီးကျောင်းကြားလမ်းမပေါ်တွင် ရိက္ခာသယ်ပို့နေသည့် စစ်ကောင်စီယာဉ်တစ်စီးကို KNDF မှ တိုက်ခိုက်ခဲ့မှုကြောင့် စစ်ကောင်စီတပ်ရင်း ဗိုလ်ကြီးတစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦးအပါအဝင် တပ်သား (၂)ဦးကျဆုံးခဲ့ပါသည်။

ဇူလိုင်လ ၃ ရက်နေ့၊ ညနေပိုင်းအချိန်တွင် စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့နယ်၊ ထေး၁လျားကျေးရွာမှ အသက် ၁၇ နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်အား သူငယ်ချင်းအိမ်သို့ သွားအိပ်ရာလမ်းခရီးတွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့သည်။ လက်ရှိတွင် သူဘယ်မှာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မသိရပေ။


**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 3184 2980
Website : www.karennicsn.org
Facebook: Karenni Csn
Email: kcsn2010@gmail.com